**မင်းအောင်လှိုင်နှင့် အကြမ်းဖက်စစ်ရာဇဝတ်ဂိုဏ်းကို တော်လှန်ရေးမျက်နှာစာ အသီးသီးတွင် ရှုပ်ရှုပ်ချုံချုံ ချေမှုန်းအနိုင်ယူနေကြသည့် တော်လှန်ရေးအင်အားစုများကို အရပ်ဘက်အဖွဲ့အစည်းများမှ ဂုဏ်ပြုကြောင်း ထုတ်ပြန်ချက်**

ဩဂုတ်လ ၇ ရက်၊ ၂၀၂၄။

အကြမ်းဖက် မင်းအောင်လှိုင်စစ်အုပ်စု၏ ၂၀၂၁ ဖေဖော်ဝါရီလတရားမဝင် အာဏာသိမ်းကြိုးပမ်းမှုကို ဆန့်ကျင်သည့် နိုင်ငံအဝှမ်း CDM အကြမ်းမဖက် အာဏာဖီဆန်လှုပ်ရှားမှုများနှင့် လူထုလူတန်းစား အရပ်ရပ်၊ အင်အားစုအသီးသီး၏ ကြွကြွခံဆန့်ကျင်တော်လှန်လှုပ်ရှားမှုများကို တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အင်အားစုအသီးသီးက နိုင်ငံရေးအရ ရပ်တည်ပံ့ပိုးခဲ့ကြပါသည်။

ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်ကြသည့် အရပ်သားပြည်သူများအပေါ် စစ်အင်အားအလွန်အကျွံသုံး အကြမ်းဖက်နှိမ်နင်းမှုများကြောင့် လက်နက်ကိုင်တော်လှန်ရေးနည်းလမ်းကို ရွေးချယ်ခဲ့ကြသည့် တော်လှန်ရေးအင်အားစု အသီးသီးကိုလည်း တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အင်အားစုများက ရသည့်နည်းလမ်း၊ ရှိသည့်ရင်းမြစ်များဖြင့် တစိုက်မတ်မတ် ပံ့ပိုးနေကြသည်ကို အသိအမှတ်ပြု ကျေးဇူးတင်ရှိပါသည်။

ညီနောင်မဟာမိတ် (၃) ဖွဲ့ MNDAA, TNLA, AA ၏ ၁၀၂၇ စစ်ဆင်ရေးနှင့်ဟန်ချက်ညီ ကရင်နီ တော်လှန်ရေး အင်အားစုများ၏ ၁၁၁၁ စစ်ဆင်ရေး၊ KNU/KNLA နှင့် မဟာမိတ်များ၏ ဒေသအလိုက် ပူးပေါင်းစစ်ဆင်ရေးများ၊ ကချင်လွတ်မြောက်ရေးတပ်မတော်(KIA) နှင့် ပူးပေါင်းမဟာမိတ်များ၏ ဝ၃ဝ၇ စစ်ဆင်ရေး၊ အာရက္ခဒေသနှင့် တအာန်းဒေသ စစ်အုပ်စုကင်းစင်ရေး စစ်ဆင်ရေးများ၊ ဒေသအလိုက် ခုခံတော်လှန်လျက်ရှိသည့် LPDF/PDF များ၏ စစ်ဆင်ရေးများ စသည့် ဟန်ချက်ညီ ရဲဝံ့စွန့်စား စစ်ဆင်ရေးများကြောင့် အကြမ်းဖက်စစ်အုပ်စု၏ စစ်စခန်းပေါင်းများစွာကို ချေမှုန်း သိမ်းပိုက်နိုင်ခဲ့ပြီး၊ မင်းအောင်လှိုင်၏ အကြမ်းဖက်စစ်အုပ်စုအန္တရာယ်မှ ကင်းဝေးသော လွတ်မြောက် နယ်မြေများအဖြစ် ထူထောင်နိုင်ခဲ့ကြသည့် သမိုင်းမော်ကွန်းသစ်များအပေါ် ဂုဏ်ပြုအပ်ပါသည်။

မင်းအောင်လှိုင်၏ အကြမ်းဖက်စစ်ရာဇဝတ်ဂိုဏ်း၏ အမိန့်ပေးစနစ်အောက်မှ ၅၈ နှစ် သက်တမ်းရှိ အရှေ့မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကို မြောက်ပိုင်းမဟာမိတ်နှင့် ပူးပေါင်းအင်အားစုများက ချေမှုန်းသိမ်းပိုက်နိုင်ခြင်းနှင့် ဗျူဟာမြောက် မြို့သိမ်းတိုက်ပွဲများသည် ဖက်ဒရယ်ဒီမိုကရေစီအင်အားစုများ၏ ပူးပေါင်းစွမ်းအားဖြင့် စစ်အာဏာရှင်အဆက်ဆက်က တိုင်းရင်းသားလူမျိုးစုများကို အကြမ်းဖက်ဖိနှိပ်ရန် အသုံးချနေသည့် စစ်ယန္တရားအစိတ်အပိုင်းများကို ချေမှုန်းဖြိုဖျက်နိုင်သည့် မှတ်ကျောက်အဖြစ် သမိုင်းတွင်သော အောင်ပွဲအဖြစ် မှတ်တမ်းတင်အပ်ပါသည်။

မဟာမိတ် အင်အားစုများ၏ စစ်ဆင်ရေးများတွင် အကြမ်းဖက် မင်းအောင်လှိုင်၏ စစ်ရာဇဝတ်ဂိုဏ်းက အမိန့်ပေးအသုံးချ စေခိုင်းနေသည့် အရာရှိ၊ အရာခံ၊ အကြပ်တပ်သားများကို နိုင်ငံတကာ စစ်စည်းကမ်းများအတိုင်း လိုက်နာဆက်ဆံသည့် နမူနာကောင်းများ ပြသနိုင်ခဲ့ခြင်းကိုလည်း အသိအမှတ်ပြုကြိုဆိုပါသည်။

အကြမ်းဖက်စစ်ရာဇဝတ်ဂိုဏ်းကို ချေမှုန်းရန် ဆင်နွှဲရသည့် ခါးသည်းဖွယ်ရာ စစ်ပွဲများအောင်နိုင်ရေးအတွက် အရပ်ဖက်လူထုလူတန်းစား အင်အားစုအသီးသီး၏ ရဲဝံ့စွန့်စားသည့် အာဏာဖီဆန်လှုပ်ရှားမှုများ၊ ရင်းမြစ်များရှာဖွေ စုစည်းပံ့ပိုးထောက်ပံ့ကြသည့် အင်အားစုများ၊ စစ်ရာဇဝတ်ဂိုဏ်း၏ ကြည်း၊ ရေ၊ လေ အကြမ်းဖက်စစ်ဆင်ရေးများကြောင့် ထိခိုက်ဆုံးရှုံးကြရသည့် နေရပ်စွန့်ခွာစစ်ရှောင်ပြည်သူများကို ကာကွယ်စောင့်ရှောက်ကြသည့် အင်အားစုများ၊ အခြေခံကျန်းမာရေး၊ ပညာရေးဝန်ဆောင်မှုများ ပံ့ပိုးကြသည့်အင်အားစုများ၊ သတင်းအချက်အလက်များ လုံခြုံစွာ စုစည်းစီမံခန့်ခွဲ ဆက်သွယ်ပေးကြသည့် အင်အားစုများ၊ အရေးကြီး၊အရေးပါသည့် တော်လှန်ရေးမျက်နှာစာ အသီးသီးမှ အင်အားစုအသီးသီးကို ထပ်တူ ကျေးဇူးတင် ဂုဏ်ပြုပါသည်။

တော်လှန်ရေးမျက်နှာစာအသီးသီးတွင် အောင်ပွဲများရရှိလာမှုနှင့်အတူ သိမ်းပိုက်နယ်မြေများတွင် ပဋိပက္ခအနည်းဆုံးဖြစ်စေရေးနှင့် တော်လှန်ရေးတခုလုံး၏ အန္တိမရည်မှန်းချက်ဖြစ်သော လူ့အခွင့်အရေး၊ အမျိုးသမီးနှင့် ကလေးသူငယ်များအခွင့်အရေး၊ အလုပ်သမားအခွင့်အရေး၊ လူမှုစီးပွားအခွင့်အရေးများ အပါအဝင် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာမူဝါဒများနှင့် ကိုးကွယ်ယုံကြည်မှု၊ ဘာသာစကားနှင့် ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးများ အပါအဝင် ဒေသခံလူမျိုးပေါင်းစုံ၏ အခွင့်အရေးများကို တန်းတူထား လေးစားဆက်ဆံ၍

အာမခံချက်ပေးရေးကို ဒေသခံပြည်သူများနှင့် အတူတကွ အလေးထားဖော်ဆောင်ရန် မိမိတို့က အလေးအနက်ပြု တိုက်တွန်း အပ်ပါသည်။

အထူးအားဖြင့် တော်လှန်ရေးအင်အားစုများ၏ ပင်မတာဝန်ဖြစ်သည့် စစ်ပွဲများကြောင့် အသက် အိုးအိမ်များ၊ သားသမီးမိဘ၊ မောင်နှမ၊ မိတ်ဆွေသူငယ်ချင်းများ ဆုံးရှုံးပျက်စီးကြရသည့် မိဘပြည်သူများအတွက် တရားမျှတမှုများ ပြန်လည်ဖော်ဆောင်ဖြည့်ဆည်းပေးကြရမည့် တာဝန်များကို မပျက်မကွက် တာဝန်ယူတာဝန်ခံ ဆောင်ရွက်နိုင်ကြရန် လေးနက်စွာ ဆန္ဒပြုတောင်းဆိုအပ်ပါသည်။

တိုင်းရင်းသား လူမျိုးစုအသီးသီးက နှစ်နှစ်ကာကာ လိုလားတောင့်တနေကြသော စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေး၊ လူမျိုးကြီးဝါဒနှင့် မဟာဖိုဝါဒ ချုပ်ငြိမ်းရေး၊ ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးများဖြင့် ပြည်သူများ၏ မူလအခွင့်အရေးများ ပြည့်ဝစေလျက် တရားမျှတ၍ လွတ်လပ်ငြိမ်းချမ်းသည့် လူမှုစီးပွားဘဝများကို အာမခံသည့် ရည်မှန်းချက်များကို အမြန်ဆုံး အကောင်အထည်ဖော်နိုင်ပါစေကြောင်း မိမိတို့အရပ်ဘက်အဖွဲ့အစည်းများမှ လှိုက်လှိုက်လှဲလှဲ ဆန္ဒပြုလျက် ဂုဏ်ပြုသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

အရပ်ဘက်အဖွဲ့အစည်းများ

အထက်ပါထုတ်ပြန်ချက်နှင့် ပတ်သက်၍ ထပ်မံမေးမြန်းလိုသည်များ ရှိပါက အောက်ဖော်ပြပါ အီးမေးလိပ်စာ သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဆက်သွယ်ရန် ။ ။ communication@defendmyanmardemocracy.org

------------------------

ဤထုတ်ပြန်ချက်ကို တော်လှန်ရေးအင်အားစုများနှင့် အရပ်ဘက်အဖွဲ့အစည်းပေါင်း ၂၅၉ ဖွဲ့မှ ပူးပေါင်းပါဝင် လက်မှတ်ရေးထိုးထားပြီး၊ ၇၆ ဖွဲ့အား ပြည်တွင်းလုံခြုံရေး အခြေအနေများကြောင့် အမည်ဖော်ပြထားခြင်း မရှိပါ။

1 5/ of Zaya State Strike
2 A-Yar-Taw People Strike
3 Action Committee of Basic Education Students (ACBES)
4 Ah Nah Podcast - conversations with Myanmar
5 All Arakan Youth Organizations Network (AAYON)
6 All Aung Myay Thar San Schools Strike Force
7 All Burma Federation of Student Unions (Monywa District)
8 Alliance for Democracy in Myanmar (ADM)
9 Alliance of Students' Union – Yangon (ASU-Yangon)
10 Anti Dictatorship in Burma - DC Metropolitan Area (ADB DMVPA)
11 Anti-Coup Forces Coordination Committee (ACFCC -Mandalay)
12 Anti-Junta Alliance Yangon (AJAY)
13 Arakan CSO Network
14 Aung San Suu Kyi Park, Norway
15 Ayeyarwaddy West Development Organisation. AWDO (Nagphe)
16 Ayeyarwaddy West Development Organisation.AWDO (Magway)
17 Ayeyawaddy Youth Network (AYN)
18 Basic Education General Strike Committee (BEGSC)
19 Basic Education Worker Unions - Steering Committee (BEWU-SC)
20 Blood Money Campaign
21 Burma Human Rights Network (BHRN)
22 CDM Medical Network (CDMMN)
23 Center for Action Points
24 Chanmyatharzi Township People's Strike
25 Chaung Oo Township Youth Strike Committee
26 Chin Community in Norway
27 Chindwin (West) Villages Women Strike
28 Civil Information Network (CIN)
29 Co-operative University Mandalay Students' Strike
30 Coalition Strike Committee – Dawei
31 Coordination Team for Emergency Relief-Karenni (CTER-Karenni)
32 CRPH & NUG Supporters Ireland
33 CRPH Funding Ireland
34 CRPH Support Group, Norway
35 Daung Sitthe Strike
36 Dawei (Ashaetaw) Women Strike
37 Dawei Youths Revolutionary Movement Strike Committee
38 Defend Myanmar Democracy
39 Democratic Youth Council
40 Depayin Township Revolution Steering Committee

41 Depayin Women Strike
42 Ethnic Youth General Strike Committee (Mandalay)
43 Federal Corner
44 Finland Myanmar Society Ry
45 Former ABSDF
46 Former Political Prisoners and New Generation Group – Monywa
47 Free Rohingya Coalition (FRC)
48 Gangaw Women Strike
49 General Strike Collaboration Committee (GSCC)
50 General Strike Committee of Basic and Higher Education (GSCBHE)
51 Green Network (Myeik)
52 India For Myanmar
53 Industries Strike
54 Information & Scout News (Hlaing)
55 Justice Movement for Community – Innlay
56 K'cho Ethnic Association
57 Kachin Association Norway
58 Kachin Student Union
59 Kalay Township Strike Force
60 Kalay Women Strike
61 Karenni Humanitarian Aid Initiative (KHAI)
62 Karenni Midwives Society - KMS
63 Karenni National Women's Organization (KNWO)
64 Karenni Social welfare & Development Center (KSWDC)
65 KayahLi Phu Youth ( KLY )
66 Kayan New Generation Youth (KNGY)
67 Kyain Seikgyi Spring Revolution Leading Committee
68 Kyauktada Strike Committee (KSC)
69 Latpadaung Region Strike Committee
70 Legal Aid for Human Rights
71 LGBT Alliance
72 LGBT Alliance Myanmar (Kalay Region)
73 LGBT Alliance Myanmar (Kyaukse Region)
74 LGBT Community Yangon
75 LGBT Union – Mandalay
76 MAGGA Initiative
77 Magway People's Revolution Committee
78 Magway Region Human Rights Network (MHRN),
79 Maharaungmyay Township People's Strike
80 Mandalar University Students' Strike

81 Mandalay Alliance Coalition Strike
82 Mandalay Medical Family (MFM)
83 Mandalay Strike Force (MSF)
84 Mandalay Women Strike
85 Mandalay Youth Strike
86 Mandalay-Based People's Strike
87 Mandalay-Based University Students' Unions (MDY_SUs)
88 Matu Burma Foundation
89 May Myo Strike Force
90 Mayangone News
91 Min Hla Farmers Group
92 Minbu Farmers Group
93 Mon Association - Norway
94 Monywa LGBT Strike
95 Monywa People's Strike Steering Committee
96 Monywa Women Strike
97 Monywa-Amyint Road Strike Leading Committee
98 Monywa-Amyint Road Women Strike
99 MSDC Mon State Development Center
100 Multi-Religions Strike
101 Mya Taung Strike
102 Mya Yar Knowledge Tree
103 Myanmar Baptist Churches in Norway
104 Myanmar Catholic Community in Norway
105 Myanmar Hindu Union - Norway
106 Myanmar Institute of Information Technology Students' Strike
107 Myanmar Labor Alliance (MLA)
108 Myanmar Muslim Organization - Norway
109 Myanmar Student Christian Movement
110 Myanmar Tourism Committee
111 Myaung Youth Network
112 Myingyan Civillian Movement Committee
113 National League for Democracy (Monywa Township)
114 Network of University Student Unions – Monywa
115 New Light Federation of Labor Unions Myanmar
116 New Myanmar Foundation
117 New Power Generation
118 New Rehmonnya Federated Force (NRFF)
119 No.12 Basic Education Branch High School ( Maharaungmyay) Students' Union
120 NOK Information & Scout Echo

121 North Dagon & East Dagon News
122 Norway Falam Community
123 Norway Matu Community
124 Norway Rawang Community
125 Norway-Myanmar Democratic Forces
126 OCTOPUS (Youth Organization)
127 Pale Township People's Strike Steering Committee
128 People Defense and Supporting Force
129 People’s Goal
130 Pwintphyu Development Organisation
131 Pyi Gyi Tagon Strike Force
132 Representative Committee of University Teacher Associations (RC of UTAs)
133 Rohingya Community in Norway
134 Rural Community Development Society
135 Samgha Sammaga-Mandalay
136 SAVE MYANMAR - USA
137 Save Myanmar (San Francisco)
138 Seinpann Strike
139 Shwe Pan Kone People`s Strike Steering Committee
140 Sisters2Sisters
141 Sitt Nyein Pann Foundation
142 Sourthen Monitor
143 South Dagon Scouting Infos (SDG)
144 Southern Dragon Myanmar
145 Spring Friends
146 Support Group for Democracy in Myanmar (NL )
147 Supporting Brothers - ထောက်ပို့ ညီနောင်အဖွဲ့
148 Ta'ang Students and Youth Union (TSYU)
149 Tamwe Nway Oo Channel
150 Taze Strike Commitee
151 Taze Women Strike
152 Technological Teacher’s Federation (TTF)
153 Thaketa & Dawbon Scout Channel
154 Thakhin Kodaw Mhine Peace Network (Monywa)
155 Thayat Chaung Women Strike
156 The 88 Generation Peace and Open Society (Monywa)
157 Twitter Team for Revolution (TTFR)
158 University Students’ Unions Alumni Force
159 Volunteers in Myanmar

160 Wetlet Revolution Leading Committee
161 Wetlet Twonship Women Strike
162 White Coat Society Yangon (WCSY)
163 Women Alliance Burma (WAB)
164 Women Lead Resource Center (WLRC)
165 Yadanabon University Students' Union ( YDNBUSU)
166 Yangon Deaf Group
167 Yangon Medical Network
168 Yangon Women Strike
169 Yasakyo Township People`s Strike Steering Committee
170 Yinmarpin and Salingyi All Villages Strike Committee
171 Youth Empowerment (YE)
172 Youth for democratization of Myanmar (UDM)
173 Youth Scout For Democracy (YSD)
174 Zomi Christian Fellowship of Norway
175 Zomi Community Norway
176 ကမ်းလက်ကူ
177 စစ်ဘေးရှောင်ကူညီရေးအဖွဲ့ -ယောဒေသ
178 ပဋ္ဌမမဏ္ဍိုင်
179 မျက်မှောက်ခေတ်
180 မျိုးဆက်-Generations
181 သင့်မြတ်လိုသူများ
182 သမိုင်းသယ်ဆောင်သူများအဖွဲ့
183 သောင်ရင်းသတင်းလွှာ